# လူးသာ၏ မြဲမြံစွာရပ်တည်ခြင်း

YR C
NO. 29

အလွတ်ကျမ်းချက်။ ။ ရှင်မဿဲခရစ်ဝင် ၁၀း၁၈၊ ၂၂

"ထိုသူတို့မှစ၍ တပါးအမျိုးသားတို့အား သက်သေဖြစ်စေခြင်းငှါ၊ မြို့ဝန်မင်း၊ ရှင်ဘုရင်ထံသို့ ငါ့ကြောင့် သင်တို့ကို ပို့ဆောင်ကြလိမ့်မည်။ … လူအပေါင်းတို့သည်လည်း ငါ၏နာမကြောင့် သင်တို့ကို မုန်းကြလိမ့်မည်။ အကြင်သူသည် အဆုံးတိုင်အောင် တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။"



## တနင်္ဂနွေနေ့ | လူးသာသည် သမ္မာကျမ်းစာကို ကိုးစားသည် ၁

မာတင်လူးသာ (Martin Luther) သည် သမ္မာကျမ်းစာ၏ ဩဇာအာဏာပေါ်တွင်သာ အခိုင်အမာရပ်တည်ခဲ့သည်။ မိမိစိတ်အလိုဆန္ဒအတိုင်း အပြစ်လွှတ်ငြိမ်းခွင့်လက်မှတ်သည် မှားယွင်းသည်ဟု သူက ပြောဆိုလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် မှားယွင်းနေကြောင်းကို မစဉ်းစားမိခဲ့ကြသောကြောင့်နှင့် အချို့သောအသင်းတော်တို့သည် မှားယွင်းနေသည်ဟု မပြောဆိုကြသောကြောင့် ဖြစ်သည်။ သို့သော် သူတို့သည် မှားယွင်းနေသည်ဟု သမ္မာကျမ်းစာက ရှင်းရှင်းလင်းလင်းဖော်ပြနေသည်ဟု သူက ပြောဆိုလိုက်ပါသည်။ ထိုအနေအထားက သူ့အား ပုပ်ရဟန်းမင်းနှင့် အလျန်အမြန် အတိုက်အခံ ဖြစ်စေခဲ့သည်။ ဒုက္ခပြဿနာသည် မဝေးနိုင်တော့ပေ။

၁၅၂၀ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီးသည် လူးသာအား သူ၏ယုံကြည်ချက်များကိုစွန့်လွှတ်ရန် ရက်ပေါင်း ၆၀ အချိန်ပေးသည့် အမိန့်စာတစ်ခု (ပုပ်ရဟန်းမင်း၏ဥပဒေ သို့မဟုတ် အာဏာရ) ကို ထုတ်ပြန်ခဲ့သည်။ အကယ်၍ သူသည် ထိုအချိန်ရောက်မှ စွန့်ပယ်ခြင်း မရှိပါက၊ သူနှင့်သူ့အား ထောက်ပံ့ကူညီသူများအားလုံးကို မည်သည့်နည်းဖြင့်မဆို ရောမကက်သလစ်အသင်းတော်အဖြစ်မှ ဖယ်ထုတ်ပစ်လိမ့်မည်။ ထိုသို့သောပြစ်ဒဏ်က သူသည် အသင်းတော်မှနှင်ထုတ်ခံရပြီး၊ သေဒဏ်ချမှတ်ခံရခြင်းနှင့် ငရဲသို့ စီရင်ခြင်းကို ခံရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

လူးသာသည် အခြေအနေ၏ဆိုးရွားမှုကို သိခဲ့သော်လည်း၊ ကြောက်ရွံ့မှုကို ငြင်းဆန်ခဲ့သည်။ ထိုသို့ကြောက်ရွံ့မည့်အစား၊ သူသည် ထိုပုပ်ရဟန်းမင်း၏အမိန့်အာဏာစာစောင်၏မိတ္တူကို ယူ၍ လူများရှေ့၌ မီးရှို့လေ၏။ "အလေးအနက်ထားရမည့်ပြင်းထန်သော ရုန်းကန်မှုတစ်ခု စတင်နေပြီ" ဟု သူက ပြောဆိုလိုက်သည်။ "ငါသည် ဤအမှုကို ဘုရားသခင်၏နာမတော်၌ စတင်မည်၊ ၎င်းသည် ကျွန်ုပ်အားဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ပြီးဆုံးလိမ့်မည်" ဟု ပြောဆို၏။

အကယ်၍ သူ့အား ခွန်အားပေးဖို့ရန် ရာဇဝင်ချုပ်ဒုတိယစောင် ၁၄း၁၁ ကဲ့သို့သော သမ္မာကျမ်းချက်များမရှိခဲ့လျှင်၊ လူးသာသည် အ ဘယ်သို့ ခံစားခဲ့မည်ကို မြင်ယောင်ကြည့်ပါ။

ချားလ်စ် ပဥ္စမမြောက် (Charles the 5th) သည် မကြာသေးမီက ကေရာဇ်မင်းဖြစ်လာခဲ့ပြီး၊ သူ၏ပထမဆုံးအဓိကတရားဝင် လုပ်ဆောင်မှုမှာ ဝမ်မ် (Worms) မြို့၌စုရုံးရန် စားသောက်ပွဲ (အစိုးရအရာရှိများ၏ အစည်းအဝေးတစ်ခု) ကို ခေါ်ဖိတ်ခြင်းဖြစ်သည်။ (၎င်းသည် ဂျာမန်စကာ ား လုံးဖြစ်သောကြောင့် "W" ကို ကျွန်ုပ်တို့ Vorms များအသံထွက်သကဲ့သို့ "V" ဟု အသံထွက်သည်)။ ဤ အစည်းအဝေးစတင်ကျင်းပခဲ့သည့်နှင့် အမျှ၊ ပုပ်ရဟန်းမင်း၏ကိုယ်စားလှယ်က လူးသာအား ထိုအကြိမ်၌ပင် ချက်ချင်းသတ်ပစ်ရန် တောင်းဆိုခဲ့လေသည်။

လူးသာသည် စားသောက်ပွဲသို့ ရောက်လာခြင်းမရှိသောကြောင့် ဂျာမနီတိုင်းပြည်၏မင်းညီမင်းသားသည် သူ့ကိုစွဲချက်တင်ခြင်းကို ဖြေကြားရန် အခွင့်အလမ်းပေးခြင်းသည် တရားမျှတမှုရှိသည်ဟု ၎င်းကို ဆုံးဖြတ်ခဲ့လေသည်။ ကေရာဇ်က လူးသာအား ဝမ်မ်မြို့သို့လာရန် လုံခြုံမှုအာမခံချက်ကို ပေးခဲ့သည်။ ၎င်းသည် ရောမမြို့အတွက် ဘေးအန္တရာယ်တစ်ခုဖြစ်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီးက ပြုပြင်ပြောင်းလဲရေးသမားကို ပြစ်တင်ရှုတ်ချပြီးသားဖြစ်သော်လည်း မင်းညီမင်းသားတို့သည် ရောမမြို့ရှိပုပ်ရဟန်းမင်းကြီး၏ အခွင့်အာဏာစက်ကို အသိအမှတ်မပြုပါ။

**လက်တွေ့ကျင့်သုံးရန်။** အလွန်အန္တရာယ်ကြီးသောအချိန်အခါ၌ လူးသာသည် ဘုရားသခင်ကို အဘယ်ကြောင့် ယုံကြည်ကိုးစားနိုင်သနည်း။ ယေရမိအနာဂတ္တိကျမ်း ၁း၁၇။

## တနင်္လာနေ့ | ပြန်ရုတ်သိမ်းရန် တိုက်တွန်းခြင်း ၂

မာတင်လူးသာသည် ကေရာဇ်မင်း၏စားသောက်ပွဲဖိတ်ခေါ်တောင်းဆိုချက်ကြောင့် ဝမ်မ် (Worms) မြို့ ၌ရောက်လာသောအခါ ပုပ်ရဟန်းမင်းကြီး၏ကိုယ်စားလှယ်တော်များမှာ မကောင်းသောစိတ်ခံစားချက်များရှိနေခဲ့ကြသည်။ ပုပ်ရဟန်မင်းက လူးသာသည် အဘယ်သူကိုမျှ စကားပြောနိုင်မည်မဟုတ်ဟု ပြောဆိုထားခဲ့သည်၊ သို့သော် ယခုတွင် လူးသာသည် ထောင်ပေါင်းများစွာကို စကားပြောတော့မည်ဖြစ်သည်။ သူသည် မီးရှို့သတ်ခြင်းနှင့် မေ့ပစ်ခြင်းခံရမည်၊ သူ၏စကားများကို ထိုခန်းမ၌ အဘယ်သူမျှ အာရုံစိုက်မည်မဟုတ်ဟု မှန်းဆခဲ့သည်။

သူတို့သည် ဤအရာကို အလျန်အမြန် လုပ်ချင်ခဲ့ကြ၏။ လူးသာကို အစည်းဝေးပွဲထဲသို့ ခေါ်ဆောင်လာသောအခါ၊ အင်ပါယာအရာရှိသည် မေးခွန်းနှစ်ခုကို မေးခဲ့ပြီး၊ "ဟုတ်" (သို့) "မဟုတ်" ဖြေကြားရန်



ဖားရယ်၏ဩဇာလွှမ်းမိုးမှုကြောင့် ဘုရင်၏ညီမတော်၊ ပါရမီ ပြည့်စုံသောဆရာများ၏အဖွဲ့ဝင်တစ်ဦး၊ မဲအောက်ဇ် (Meux) တွင် ဂိုဏ်းချုပ်ဘုန်းတော်ကြီး အပါအဝင် များစွာသောလူတို့သည် ယုံကြည်သူများ ဖြစ်လာခဲ့သည်။ လက်ဖီးဘား (Lefevre) ၏ မကြာသေးမီက ပြင်သစ်ဘာသာဖြင့် ပြန်ဆိုခဲ့သောဓမ္မသစ်ကျမ်းကို ခရိုင်တလျှောက်လုံးတွင် ဖားရယ် (Farel) နှင့် ဂိုဏ်းအုပ်ဘုန်းတော်ကြီး တို့သည် တခါတရံလွတ်လပ်စွာ ဖြန့်ဝေခဲ့ကြသည်။ ယင်းကြောင့် အမျိုးမျိုးသောလူများစွာတို့သည် ဈေးဆိုင်အသီးသီးများမှထွက်လာကာ သမ္မာကျမ်းစာကို ကြားနာရန်၊ လေ့လာသင်ယူရန်နှင့် သမ္မာတရား၌ဝမ်းမြောက်ရွှင်လန်းရန် စုရုံးလာခဲ့ကြသည်။

သို့သော် နှိပ်စက်ညှဉ်းပန်းမှုသည် လျင်မြန်စွာရောက်လာခဲ့၏။ ဝမ်းနည်းစရာမှာ ဂိုဏ်းအုပ်ဘုန်းတော်ကြီးသည် ခြိမ်းခြောက်ခံရသောအခါ၊ အမှန်တရားဘက်ရပ်တည်ရန် ပျက်ကွက်ခဲ့၏။ သို့သော် သူ့ထံမှအမှန်တရားကို သင်ယူခဲ့သူအများစုသည် ဘုရားသခင်နှင့် သူ၏ နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစားခဲ့ကြသည်။ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အသေခံခြင်းအားဖြင့်၊ သူတို့သည် သမ္မာကျမ်းစာ၏ သမ္မာတရားအကြောင်းကို ဘယ်တော့မှ မကြားခဲ့ဖူးသောထောင်ပေါင်းများစွာသောသူတို့အား သက်သေခံခွင့်ရခဲ့လေသည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်၏နောက်တော်သို့လိုက်မည့်အစား၊ လူပုဂ္ဂိုလ်တစ်ယောက်နောက်လိုက်ခြင်း၏ အန္တရာယ်ကား အဘယ်နည်း။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၃း၄-၇။

## သောကြာနေ့ | ကြောက်မက်ဖွယ်ကောင်းသော အမှားတစ်ခု ၆

ဝီလျံဖားရယ် (William Farel) ၏လုပ်ဆောင်မှုကြောင့် ပြင်သစ်မှူးမတ်တစ်ဦးအပါအဝင်ဖြစ်သော ပါရမီရှင်ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ လူးဝစ်ဒီဘာကင်း (Louis de Berquin) သည် သမ္မာကျမ်းစာမှအမှန်တရားကို လက်ခံခဲ့ပြီး၊ ထုံးထမ်းရိုးရာဓလေ့အမှားများကို ချက်ချင်း ဆန့်ကျင် ရပ်တည်ခဲ့သည်။ ဘာကင်း (L. d. Berquin) သည် ဘုန်းတော်ကြီးများ၏အမှားများကို ရှင်းလင်းစွာဖော်ပြထားသော စာရွက်စာတမ်းတစ်ခုကို ပြင်ဆင်ခဲ့ပြီး၊ မည်သူသည် မှားကြောင်း၊ မှန်ကြောင်း စီရင်ဆုံးဖြတ်ရန် ဘုရင်အား တောင်းဆိုခဲ့သည်။



ဘုရင် ဖရန့်စစ် (၁) (Francis I) သည် ဘာကင်း (Berquin) ကို ကြိုက်နှစ်သက်ခဲ့ပြီး၊ သူ့အား နှစ်ပေါင်းများစွာ ကာကွယ်စောင့်ရှောက်ခဲ့သော်လည်း သူကိုယ်တိုင်အမှန်တရားဘက်မှ ရပ်တည်ရန် ငြင်းဆန်ခဲ့သည်။ နောက်ဆုံးတွင် ဘုရင်သည် ဘုန်းတော်ကြီးများ၏ ဖိအားပေးမှုအောက်မှာရောက်နေပြီး၊ ဘာကင်း (Berquin) ကို သူတို့၏ထိန်းချုပ်မှုအောက်မှာ ချန်ထားခဲ့သည်။ ဘုန်းတော်ကြီးများက အချိန်မဖြုန်းဘဲ၊ သူ့ကို တစ်နေ့တည်းမှာပင် ပြစ်တင်ရှုတ်ချပြီး ကွပ်မျက်ခဲ့သည်။

ဘာကင်း (Berquin) သည် သူ၏အကောင်းဆုံးအဝတ်အစားများ ဝတ်ဆင်သောအခါတွင်၊ သူ၏မျက်နှာသည် ကောင်းကင်အလင်းနှင့် ငြိမ်သက်ခြင်းကို ဝတ်ဆင်ခဲ့သည်။ သူသည် မာတုရသေခြင်းဖြင့်အသေခံရသော်လည်း၊ သူ၏တည်ငြိမ်မှုနှင့် ကြောက်ရွံ့မှုကင်းမဲ့ခြင်း စံနမူနာသည် ကြည့်ရှုနေသောလူများတို့အား သူတို့သိထားသည်အတိုင်း ဘုရားသခင်နှုတ်ကပတ်တော်၏တန်ခိုးတော်ကို ယုံကြည်စေခဲ့သည်။ ထို့အပြင်၊ ထိုအချိန်၌ အခြားသောသူများသည် ယုံကြည်လာပြီး၊ သူတို့၏ယုံကြည်ခြင်းအတွက် အသတ်ခံခဲ့ကြရ၏။ အခြားများစွာသောယုံကြည်သူများသည်လည်း ပို၍လုံခြုံမှုပေးနိုင်သည့် နေရာအသီးသီးသို့ တကွဲတပြား ထွက်ပြေးသွားခဲ့ကြလေသည်။ ထိုနည်းအားဖြင့်၊ သမ္မာတရားသည် ပြင်သစ်နိုင်ငံတစ်လျှောက် လျှင်မြန်စွာ ပြန့်သွားလေ ၏။

ဘုရင် ဖရန့်စစ် (၁) (Francis I) သည် အလွန်တစ်ကိုယ်ကောင်းဆန်သောသူဖြစ်သည်။ သူသည် ပြုပြင်ပြောင်းလဲရေးသမားများအား သူ့ရည်ရွယ်ချက်အတိုင်း အကောင်းဆုံးလုပ်ဆောင်ပေးနိုင်သောသူများအား ကာကွယ်မည် သို့မဟုတ် နှိပ်စက်ညှဉ်းပမ်းမည် ဖြစ်သည်။ ၎င်းသည် သူ့၏ကောင်းကျိုးဖြစ်လာသောအခါ၊ ပဲရစ်၌ သမ္မာတရားကို တကြိမ်ဟောပြောရန် ခွင့်ပြုပေးခြင်းအားဖြင့် ဘုန်းတော်ကြီးများ၊ ပုပ်ရဟန်းမင်းများနှင့် ဂိုဏ်းချုပ်များ၏ဩဇာတန်ခိုးအာဏာကို လျော့ချခဲ့သည်။

၁၅၃၄ ခုနှစ်တွင် အချို့ပရိုတက်စတင့် (Protestant) ပြုပြင်ပြောင်းလဲရေးသမားများသည် ဝမ်းနည်းစရာအမှားတစ်ခုကို ပြုလုပ်မိခဲ့ကြသည်။ သူတို့သည် ပြင်သစ်ပြည်တစ်လျှောက် ကက်သလစ်ဘာသာဝင်အများစုပြုလုပ်ခဲ့သော (သခင်ယေရှု၏နောက်ဆုံး ညစာစားပွဲအထိမ်းအမှတ်၌ ပုပ်ရဟန်းမင်းတို့သည် မုန့်နှင့်အရည်ကို အမှန်တကယ် သခင်ယေရှု၏အသားနှင့် အသွေးသို့နိမိတ်ဆန်ဆန်ပြောင်းလဲကြောင်း ဟောပြောသွန်သင်ခြင်း)ကို တိုက်ခိုက်သည့် နံရံကပ်ပိုစတာ(လက္ခဏာ သ င်္ကေတအသေး) များကို မဆင်မခြင် ကပ်ထားခဲ့ကြသည်။

ထိုပိုစတာအကြောင်းနှင့် ပတ်သတ်၍ ရက်စက်ရမ်းကားမှုများ ဖြစ်ပေါ်လာခဲ့တော့၏။ ဖရန့်စစ်သည် တိုင်းပြည်၌ရှိသော ပြုပြင်ပြောင်းလဲရေးသမားများကို မျိုးဖြုတ်သတ်ဖြတ်ရန် ဆုံးဖြတ်ခဲ့လေသည်။ များစွာသောသူတို့သည် အကျဉ်းထောင်ချခံရပြီး၊ နှိပ်စက်ညှဉ်းပမ်းခြင်းကို ခံခဲ့ကြရ၏။ ထိုအထဲမှ ၃၅ ယောက်တို့သည် ပြစ်ဒဏ်ပေးသည့်အနေဖြင့်လူကိုချည်၍ မီးရှို့သတ်ရာတိုင်ပေါ်မှာ မီးရှို့သတ်ခံခဲ့ကြလေ၏။ အကြီးမားဆုံးသော အံ့အားသင့်ဖွယ်ရာမှာ ရာပေါင်းများစွာသော လက်မှုအတတ်ပညာ အတတ်ကျွမ်းဆုံးသော၊ ချမ်းသာကြွယ်ဝသော ကုန်သည်များဖြစ်သော တိုင်းသူပြည်သားများသည် နှိပ်စက်ညှဉ်းပမ်းခြင်းကို ရှောင်ဖို့ရန် တိုင်းပြည်မှ လျှို့ဝှက်စွာ ထွက်ပြေးလွတ်မြောက်ခဲ့ကြ၏။

ဤအရာသည် စီးပွားရေးကို အကြီးအကျယ်ထိုးနှက်ခဲ့ပြီး၊ ဘုရင်ကိုယ်တိုင် လုံးဝမမျှော်လင့်သောအရာဖြစ်သည်။ ပြင်သစ်၌ များစွာသောလူတို့သည် ရက်စက်ရမ်းကားမှုများ ခံစားရသည်ကို တွေ့ရှိခဲ့ရ၏။ ထို့ကြောင့် လေးစားရိုသေစရာကောင်းသော လူအများတို့သည် သိရသရွေ့ အသင်းတော်၌ ပြုပြင်ပြောင်းလဲခြင်းလိုအပ်ချက်ကို ယုံကြည်လက်ခံခဲ့ကြလေသည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်၏လူများတို့သည် သမ္မာကျမ်းစာအမှန်တရားကို လျစ်လျူရှုသူများ သို့မဟုတ် ဆန့်ကျင်သူများတို့၏အလယ်၌ အသက်ရှင်နေထိုင်ရသောအခါ၊ လုပ်ဆောင်ရမည့် အရေးကြီးဆုံးသောအရာမှာ အဘယ်အရာဖြစ်သနည်း။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၂း၁၅၊ ရှင်ယောဟန် ၁၇း၁၅၊ ၁၆။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

တောင်းဆိုခဲ့သည်။ ပထမဆုံးမှာ စားပွဲခုံပေါ်တွင်ရှိသောအရာသည် သင်ရေးခဲ့သောစာအုပ်များလားဟု လူးသာအားမေးခဲ့သည်။ ပထမမေးခွန်း၏အဖြေမှာ လွယ်ပါသည်၊ ဟုတ်ကဲ့ဟု ဖြေကြားခဲ့သည်။ ၎င်းစာအုပ်များသည် သူရေးခဲ့သောစာအုပ်များဖြစ်သည်။

ထို့နောက် သူကိုယ်တိုင်ရေးသားခဲ့သောစာများအား ပြစ်တင်ရှုတ်ချပြီး၊ ၎င်းတို့သည် မကောင်းဆိုးဝါးများဟု ကြေငြာရန် ဆန္ဒ ရှိ၊ မရှိ သူ့ကိုတောင်းဆိုခဲ့သည်။ သို့သော် လူးသာသည် ထိုကဲ့သို့သော အရေးကြီးသည့်မေးခွန်းကို အလျင်အမြန်မဖြေသင့်ကြောင်း ပညာရှိစွာ ကာကွယ်ပြောဆိုခဲ့သည်။ ထိုသို့ဖြစ်လင့်ကစား၊ သူသည် သေချာစွာစဉ်းစားဖို့ရန် အချိန်အတိုင်းအတာတစ်ခုထိ တောင်းဆိုပြီး၊ နောက်တစ်နေ့မှာ သူ၏အဖြေနှင့်အတူ တဖန်ပြန်လာဖို့ရန် တောင်းဆိုခဲ့သည်။

ဧကရာဇ်မင်းက သူ၏အေးဆေးတည်ငြိမ်မှုနှင့် ဂုဏ်သိက္ခာကို အံ့အားသင့်သွားပြီး၊ လူးသာ၏တောင်းဆိုမှုကို အသိအမှတ်ပြု လက်ခံခဲ့သည်။

ဤအရာ၌ ယနေ့ အလွန်လိုအပ်နေသော သင်ခန်းစာတစ်ခုရှိသည်။ ထိုအရာသည် မည်သည့်အရာဖြစ်ကြောင်း သင်သိပါသလား။ သုတ္တံကျမ်း ၂၉:၁၁၊ ၂၀၊ ဒေသနာကျမ်း ၅:၂၊ ရှင်ယာကုပ်သြဝါဒစာ ၁: ၁၉။

တစ်ညတာဆုတောင်းပြီးတဲ့နောက်၊ လူးသာသည် ထပ်တူမေးခွန်းကို ရင်ဆိုင်ရန်နောက်တစ်နေ့တွင် ပြန်လာခဲ့သည်။ သူ၏ရေးသား ထားသောစာများကို သူအပြစ်တင်ရှုတ်ချလိမ့်မည်လား သို့မဟုတ် မရှုတ်ချမည်လား။ အလွန်ရိုသေလေးစားစွာဖြင့်တုန့်ပြန်ခြင်းမှာ သူသည် စားပွဲပေါ်၌ အမျိုးမျိုးသောစာအရေးအသားများရှိသည်ဟု ရှင်းပြခဲ့သည်။ အချို့စာအုပ်များသည် ယုံကြည်ခြင်းနှင့် ကောင်းသောအကျင့်များနှင့် ဆက်နွယ်ခြင်းအကြောင်းပါရှိပြီး၊ အခန်းထဲရှိမည်သူမျှ ထိုစာအုပ်များနှင့် လက်မခံသဘောမတူသူ မရှိခဲ့ချေ။ ထို အားလုံးသဘောတူညီခဲ့သောအရာကို ပြစ်တင်ရှုတ်ချရန်၊ သူ၏သြတ္တပ္ပစိတ်က ခွင့်ပြုလိမ့်မည် မဟုတ်ပေ။

နောက်စာအုပ် အုပ်စုတစ်စုသည် ကက်သလစ်အသင်းတော်၏ အကျင့်ပျက်ပြားမှုကို ဖော်ထုတ်ခဲ့သောစာအုပ်များဖြစ်သည်။ ၎င်းတို့ကို ပြစ်တင်ရှုတ်ချခြင်းသည် ပိုမိုကြီးမားသော မတရားမှုများ၊ ချိုးဖောက်မှုများကို အားပေးစေလိမ့်မည်။ အမှားအယွင်းများကို ခုခံကာကွယ်သူများအား ခြေဖျက်သောအခြားစာအုပ်များကိုလည်း ရေးသားခဲ့သည်။ ဤသူများတွင်၊ သူဝန်ခံခဲ့သည်မှာ သူသည် တစ်ခါတစ်ရံ အခြားသူများနှင့်ပတ်သက်၍ သူပြောဆိုသောအခါ လိုအပ်သည်ထက်ပိုပြီး အကြင်နာမဲ့ခဲ့သောအချိန်များရှိခဲ့ကြောင်း ဝန်ခံခဲ့ပြီး၊ သို့သော် သူက ထိုသူတို့အားပေးသောအမှားအယွင်းများနှင့် အခြားအမှားများကို အားပေးလိမ့်မည့်စကားဘယ်တော့မှ ပြောမည်မဟုတ်ဟု ဝန်ခံသည်။

သို့သော် လူးသာသည် သူသည်လည်း လူသားသာဖြစ်ကြောင်း နှိမ့်ချစွာဝန်ခံခဲ့သည်။ သူ၏ အရေးအသားများ၌ အမှားများ ရှိကောင်းရှိနိုင်လိမ့်မည်ဟု ပြောဆိုခဲ့သည်။ အ ဘယ်သူမဆို ဘုရားသခင်၏နှုတ်ကပါတ်တော် သက်သေခံချက်အားဖြင့် သူ့အမှားများကို ထောက်ပြလိမ့်မည်ဆိုလျှင်၊ သူ၏အမှားများကို ချက်ချင်းဝန်ခံမည်၊ သူ၏ စာအုပ်များကို ဦးစွာမီးရှို့ပစ်မည်ဟု ပြောဆိုခဲ့သည်။



**လက်တွေ့ကျင့်သုံးရန်။** လူးသာပြောသောအရာသည် တစ်ခုတည်းသောမည်သည့်အခွင့်အာဏာကို ပြောခဲ့သနည်း။ သူသည် မှန်ပါသလား။ ဟေရှာယအနာဂတ္တိကျမ်း ၈:၂၀။

## အင်္ဂါနေ့ | “ငါ ဒီမှာ ရပ်နေသည်” ၃

ပုပ်ရဟန်းမင်း၏ကိုယ်စားလှယ်များသည် လူးသာ၏ရေးသားချက်များကို ရှုတ်ချရန် သမ္မာကျမ်းစာကို သူတို့အသုံးမပြုနိုင်ကြောင်းကို သိခဲ့ကြသည်။ လူးသာ၏မေးခွန်းများကို မေးမြန်းသူမှာ သူက “ဟုတ်” သို့မဟုတ် “မဟုတ်” ဟု ဖြေရန်သာ တောင်းဆိုနိုင်သည်။ ထို့ကြောင့် သူသည် သူ၏ရေးသားချက်များကို ပြစ်တင်ရှုတ်ချလိမ့်မည်လား သို့မဟုတ် မရှုတ်ချမည်လား။

လူးသာသည် “မရှုတ်ချနိုင်ပါ” ဟု ရိုးရိုးရှင်းရှင်းလင်းလင်း တုန့်ပြန်ခဲ့သည်။ သူကသူ၏အမှားကို သမ္မာကျမ်းစာအားဖြင့် သက်သေပြသခြင်းမရှိပါက၊ မည်သည့်အရာကိုမျှ ပြန်လည်ရုပ်သိမ်းလိမ့်မည်မဟုတ်ဟု ပြောကြားခဲ့သည်။ သူ၏နိဂုံးချုပ်စကားများသည် ထိုရာစု၏အကျော်ကြားဆုံးစကားများ ဖြစ်ကောင်းဖြစ်နိုင်သည်၊ ၎င်းမှာ “ငါဒီမှာ ရပ်နေသည်၊ ငါဘာမှမလုပ်နိုင်ဘူး၊ ဘုရားသခင် ငါ့ကိုကူညီနိုင်ပါစေ၊ အာမင်” ဟူသောစကားဖြစ်သည်။

စည်းဝေးပွဲမှာရှိသော လူတိုင်းသည် ထိတ်လန့်သွားခဲ့သည်။ ထိုသူသည် ဉာဏ်ပညာထက်မြတ်သောသူဖြစ်ကြောင်း သိသာထင်ရှားလှုပါသည်။ သူသည် အင်ပါယာ၏စုပေါင်းသြဇာအာဏာနှင့် အသင်းတော်သည် စဉ်းစားတွေးခေါ်မှုမရှိခြင်း၊ ခုခံတွန်းလှန်သင့်သော လောကီဆိုင်ရာအထောက်အပံ့၏အကူအညီမဲ့နေသည့်တိုင်၊ သူသည် သိသာရှင်းလင်းပြတ်သားသည့် ဉာဏ်ပညာဖြင့် ရင်ဆိုင်ခဲ့သည်။

လူးသာ၏ရန်သူများအတွက် နောက်ထပ်ခြေလှမ်းမှာ လူးသာသည် သေရမည်အကြောင်းကို ရှင်းရှင်းလင်းလင်း သိလိုက်ခြင်းပင်ဖြစ်သည်။ သူတို့သည် သူတို့၏အမှုကို ငယ်ရွယ်သောဧကရာဇ်မင်းထံ ချက်ချင်းတင်ပြခဲ့သည်။ သို့သော် ချားလ် (Charles) သည် ဧကရာဇ်မင်းစီဂီမွန် (Sigismund) ၏အဖြစ်အပျက်အကြောင်းနှင့် စီဂီမွန်သည် ဟပ်စ်၏လုံခြုံရေးအာမခံချက်ကို လျစ်လျူရှုခဲ့ပြီးနောက်၊ ဂျွန်ဟတ်စ် (John Huss) ကို သစ္စာဖောက်ပြီး၊ နောက်ပိုင်းတွင် စစ်ပွဲများဖြစ်ပျက်ခဲ့သည့်အကြောင်းကို ကောင်းစွာမှတ်မိခဲ့သည်။

“ကမ္ဘာတစ်ဝှမ်းလုံးမှ ဂုဏ်အသရေနှင့် ယုံကြည်ခြင်းကို ထုတ်ပစ်သင့်သော်လည်း၊ မင်းညီမင်းသားတို့၏စိတ်နှလုံးသားများထဲ၌ ခိုလှုံမှုတစ်ခုကို ရှာဖွေသင့်သည်” ဟု သူက ပြောဆိုခဲ့သည်။ သို့သော် ထိုသူတို့သည် သူ့အား “သင်သည် မှားယွင်းသောအယူဝါဒရှိသူ တစ်ယောက်အတွက် သစ္စာရှိပေးရန် မလိုအပ်” ဟု ဖိအားပေးပြောဆိုနေခဲ့၏။

ချားလ်သည် အားနည်းသောသူဖြစ်နေခြင်း၊ လူးသာ၏မိတ်ဆွေမဟုတ်ခြင်းကြောင့် ထိုဖိအားပေးသောအရာနှင့်ပတ်သက်၍ မည်သည့်လုပ်ဆောင်ချက်ကိုမျှ မလုပ်ဆောင်ခဲ့ချေ။ “ငါသည် စီဂီမွန် (Sigismund) ကဲ့သို့ စိတ်ဒေါသ မကြောင်သင့်” ဟု ပြောဆိုခဲ့၏။ ထိုအတွက်ကြောင့် လူးသာသည် အိမ်သို့ ဘေးကင်းလုံခြုံစွာ ပြန်ဖို့ရန် ခွင့်ပြုခြင်းရမည်ဖြစ်သည်။ ထို့နောက်တွင် ဧကရာဇ်မင်းသာ သူ့ (လူးသာ) ကို သတ်ရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** လူးသာသည် ရက်အနည်းငယ်ကြာ လွတ်မြောက်ခြင်းအခွင့် ရရှိခဲ့သည်။ သခင်ယေရှုသည် အနာဂတ် ကာလအကြောင်းနှင့်ပတ်သတ်၍ ဘာမိန့်တော်မူခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၆း၃၄။

## ဗုဒ္ဓဟူးနေ့ | ဝတ်ဘားချ် ရဲတိုက်၌ ၄

ဝမ်းမ် (Worms) မြို့တွင် အတိုင်းအတာတစ်ခုထိအောင်မြင်မှုနှင့် ကျေနပ်နေရသော်လည်း အနာဂတ်အတွက် မသေချာဖြစ်နေသော လူးသာသည် အရှေ့မြောက်ပိုင်း မိုင် ၂၄၀ ခန့်ဝေးသော အိမ်သို့ ပြန်သွားခဲ့၏။ ထို့နောက် ဘာဖြစ်ပျက်မည်နည်း။ သူသည် ဝီတန်ဘား (Wittenberg) မှ ထွက်ခွာသင့်သလား။ ဆက်စန်လူမျိုးများ (Saxony) မှ ထွက်သွားသင့်သလား။ သူသည် မည်သည့်နေရာသို့ သွားနိုင်မည်နည်း။

သူသည် ကန့်သတ်သစ်တောတစ်ခုကို ဖြတ်သန်းနေစဉ်၊ လက်နက်ကိုင်မြင်းစီးသူရဲကောင်းအဖွဲ့တစ်ဖွဲ့သည် သူ့ကို ရုတ်တရက် ပြန်ပေးဆွဲခဲ့သည်။ သူ၏ခရီးသွားဖော်များထံမှ ထွက်ခွာသွားပြီး၊ သူသည် ရန်သူများထံမှ လုံခြုံစွာပုန်းကွယ်နိုင်မည့် ရဲတိုက်ကြီးတစ်ခုသို့ သူ ရောက်ရှိသည့်အထိတိုင် ထိုတောအုပ်ကို တောက်လျှောက် အလျင်အမြန်ဖြတ်လျှောက်သွားခဲ့ရသည်။

လူးသာသည် သူ၏မိတ်ဆွေအပေါင်း အဖော်များဖြစ်စေ၊ သူ၏ရန်သူများဖြစ်စေ သူအဘယ်မှာရှိသည်ကိုမသိရန် ဤကယ်လွတ်ခြင်းသို့မဟုတ် လွတ်မြောက်ခြင်းလုပ်ငန်းကို အလွန်လျှို့ဝှက်စွာလုပ်ဆောင်ခဲ့သည်။ လျှို့ဝှက်ဆန်းကြယ်သည့် မြင်းစီးသူရဲကောင်းများကို စေလွှတ်ခဲ့သူ Saxony လူမျိုး ဖရက်ဒရစ် (Frederick) ပင် လူးသာသည် လုံခြုံသည်ဟုသာ သိခဲ့သည်။ သူသိလေလေ၊ သူပြောနိုင်လေလေ ဖြစ်သည်။

လူးသာသည် အိုက်စ်နတ်ချ် (Eis enach) မြို့အနီးရှိ မတ်စောက်သောတောင် ကုန်းတစ်ခုပေါ်ရှိ ကြီးမားသောရဲတိုက်ကြီး ဝတ်ဘားချ် (Wartburg) တွင် တစ်နှစ်နီးပါး နေထိုင်ခဲ့သည်။ သူ၏ရန်သူများက သူသည် အသတ်ဖြတ်ခံရခဲ့ပြီဟု ထင်မှတ်ခဲ့ကြသော်လည်း၊ သူ၏ဘောပင်မှလာသည့်ဝေစာများနှင့် လက်ကမ်းစာစောင်များသည် ပုံမှန်ထွက်လာအားဖြင့် သူသည် အသက်အတော်ကြာ ရှင်လျက်ရှိနေကြောင်းကို နောက်ဆုံး၌ ယုံကြည်စေခဲ့သည်။ ဘုရားသခင်က လူးသာကို ဆုတောင်းရန်၊ လေ့လာရန်နှင့် စာရေးဖို့ အချိန်ပေးရန်၊ သူ၏ပုံမှန်အလုပ်များသော အသက်တာနှင့် အလွန်ကွဲပြားခြားနားသော ဤလူသူဝေးရာ၌ အထီးကျန်ခြင်းအချိန်အခါကို ပေးခဲ့သည်။



မကြာမီတွင် သူက ဂျာမန်လူမျိုးများသည် သူ့ဝေစာများသည် သူတို့အတွက်ပိုကောင်းနိုင်မည်၊ ထို့အပြင် သူတို့အတွက် အလိုအပ်ဆုံးအရာမှာ သမ္မာကျမ်းစာဖြစ်ကြောင်း နားလည်သဘောပေါက်လေ၏။ ဂျာမန်ဘာသာစကားအားဖြင့် ကျမ်းစာရရှိဖို့ရန် သူတို့ လိုချင်ခဲ့သည်။

ထို့ကြောင့် လူးသာသည် Erasmus ၏ဂရိဓမ္မသစ်ကျမ်းကို ယူပြီး၊ အလုပ်လုပ်ခဲ့သည်။ သီတင်း ၁၁ ပတ်အတွင်းတွင်၊ သူသည် “ဂျာမန်” ဘာသာပြန်ဆိုရန် စိတ်အလွန်ပြင်းထန်သောကြောင့် ၎င်းသည် အမျိုးမျိုးသောဒေသသုံးစကားများကို အတူတကွ စုစည်း၍ ဘာသာစကားတစ်ခုတည်းကို ဖန်တီးခဲ့သည်။ သူ၏ဤအလုပ်နှင့်ပတ်သတ်၍ လုံးဝစိတ်ကျေနပ်မှုမရှိပေ။ သို့သော် လူးသာသည် သူသေဆုံးသည့်တိုင်အောင် ဘာသာပြန်ကျမ်းကိုပြန်လည်ပြင်ဆင်၍ တိုးတက်အောင်ပြုလုပ်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်၏နှုတ်ကပတ်တော်သည် မည်မျှအရေးကြီးသနည်း။ လူးသာ၏ဘာသာပြန်လုပ်ငန်းနှင့် ပတ်သက်၍ သင်မည်သို့ယူဆသနည်း။ တရားဟောရာကျမ်း ၄း၁၊ ၂။

## ကြာသပတေးနေ့ | ပြင်သစ်၌ သမ္မာကျမ်းစာ ၅

ပြင်သစ်နိုင်ငံ ပဲရစ် (Paris) တက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်ပြီး ဘာသာတရားကိုင်းရှိုင်းသူ ကက်သလစ်အသင်းဝင်ဖြစ်သော ဂျတ်စ်လက်ဖီးဘား (Jacques Lefevre) က လူများတို့ ရရှိနိုင်ဖို့ရန် သမ္မာကျမ်းစာကို ထုတ်ဝေပေးခဲ့သည်။ သူ့ဘဝအသက်တာ တစ်လျှောက်လုံး ကိုးကွယ်ခဲ့သောသူတော်စင်များ (Saints တနည်းအားဖြင့် သန့်ရှင်းသူများ) အကြောင်း စာအုပ်တစ်အုပ်ရေးနေစဉ် သူသည် သူတော်စင်များအကြောင်း အခြားပြောစရာရှိနေသေးသလားဟုဆိုကာ ၎င်းအကြောင်းကို ကြည့်ရှုဖို့ရန် ကျမ်းစာကို ဖွင့်ကြည့်ခဲ့သည်။



သူ့အား အံ့အားသင့်စရာဖြစ်လာခဲ့သည်၊ ၎င်းမှာ မည်သူမဆို လုပ်နိုင်သကဲ့သို့ သမ္မာကျမ်းစာထဲမှ သန့်ရှင်းသူများ (saints) သည် ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့် အပြစ်ကို အောင်မြင်ကျော်လွှားနိုင်သူများ ဖြစ်ကြောင်းကို သူတွေ့ရှိခဲ့လေသည်။ သူသည် သူ၏စာရေးသားခြင်းစီမံကိန်းကို စွန့်လွှတ်ခဲ့သည်။ သူသည် ယခင်က သမ္မာကျမ်းစာကို တစ်ကြိမ်တစ်ခါမှမလေ့လာဖူးပေ။ ဤသို့ ဆက်လက်လေ့လာခြင်းအားဖြင့်၊ သူသည် ခရစ်တော်နှင့် သူ၏အံ့သြဖွယ်ရာဆက်ကပ်ခြင်း၊ ယဇ်ကောင်အဖြစ်ပူဇော်ခံရခြင်းနှင့် ယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်း၏ ရိုးရှင်းသော အမှန်တရားကို ရှာဖွေတွေ့ရှိခဲ့သည်။

မှန်ပါသည်၊ လက်ဖီးဘားသည် လူများ၏ဘုံဘာသာစကားဖြင့် သမ္မာကျမ်းစာလိုအပ်ကြောင်း ချက်ချင်း သိမှတ်ခဲ့ပြီး၊ သူသည် မကြာမီ ဘာသာပြန်ခြင်းလုပ်ငန်းကို အစပြုခဲ့သည်။ ဤအတောအတွင်း၊ တက္ကသိုလ်၌သူ၏ဟောပြောသွန်သင်ချက်များသည် သူ၏ ကျောင်းသားများကို သမ္မာကျမ်းစာ၏အမှန်တရားကို လက်ခံစေရန် ညွှန်ကြားခဲ့သည်။ ယင်းကျောင်းသားများထဲတွင် ဝီလျံဖားရယ် (Willi -am Farel) သည် အကျော်ကြားဆုံးပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။

သူ၏ဆရာကဲ့သို့ပင်၊ ဖားရယ် (Farel) သည် ကြပ်မက်သော ကတ်သလစ်ဘာသာဝင်တစ်ဦးဖြစ်သည်။ သို့သော် သူသည် အသင်းတော်၏သြဇာအာဏာထက် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပို၍သြဇာအာဏာမြင့်မားကြောင်း အသိအမှတ်ပြုခဲ့သည်။ ယခုတွင် သူသည် ပုပ်ရဟန်းမင်းကြီးထံ သစ္စာစောင့်သိမည့်အစား၊ သူသည် သခင်ယေရှုခရစ်တော်အား သစ္စာရှိသောသူဖြစ်လာခဲ့သည်။ သူသည် ပြောင်းလဲခဲ့ပြီးသည်နှင့် ချက်ချင်း သာသနာပြုတစ်ယောက် ဖြစ်လာခဲ့သည်။

ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသော သမ္မာကျမ်းစာသည် အခြားသောစာအုပ်များနှင့် မည်သို့ကွာခြားသနည်း။ သက်သာလောနိတ်သြဝါဒစာ ပဌမစောင် ၂း၁၃။